# အမေရိကန်၊ မြန်မာ – ပိတ်ဆို့အရေးယူမှုများ စောလျင်စွာ မဖယ်ရှားပါနှင့်

*ရင်းနှီးမြှုပ်နှံမှုများ၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ ခွင့်မပြုသေးမီ စိတ်ချယုံကြည်ရသည့် ချင့်ချိန်မှုများ လိုအပ်သေး*

(၂၀၁၂ခုနှစ် မေလ ၁၅ရက် – ဝါရှင်တန်၊ ဒီစီ) – အမေရိကန်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရှိန်မြှင့်ပေးရာမရောက်စေရန် ကာကွယ်သည့်အနေဖြင့်၊ သင့်လျော်ညီညွတ်သည့် အာမခံချက်များ မရှိသေးမချင်း၊ မြန်မာနိုင်ငံတွင် စီပွားရေးလုပ်ငန်းလုပ်ဆောင်မှုများအပေါ် ပိတ်ပင်ထားမှုများကို ဖြေလျှော့ရန် မသင့်ပေ။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများအပေါ် တားမြစ်ပိတ်ပင်ထားသည့် အမေရိကန်သမ္မတ၏ အမိန့်တစ်ရပ်သည် အကယ်၍ ဆက်လက်တိုးမြှင့်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းမပြုလုပ်ပါက ၂၀၁၂ ခုနှစ် မေလ ၂၀ ရက် တွင် သက်တမ်းကုန်မည် ဖြစ်သည်။

ဧပြီလအစောပိုင်းတွင် မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်ကတိပြုမှုနှင့် မြန်မာနိုင်ငံမှ အဓိကအတိုက်အခံပါတီ၏ ရွေးကောက်ပွဲရလဒ်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်အစိုးရသည် အချို့သော စီးပွားရေးလုပ်ငန်းနှင့် စပ်ဆိုင်သည့် ပိတ်ဆို့မှုများကို လျှော့ပေါ့သွားရန် ပြင်ဆင်ထားသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှ ကြေညာခဲ့သည်။ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့မည့် သမ္မတအမိန့်သစ်တစ်ရပ် မကြာမီ ထုတ်ပြန်တော့မည်ဖြစ်သည်။

“အမေရိကန်အစိုးရအနေနဲ့ မြန်မာအစိုးရရဲ့ အခုမှစတင်ဖြစ်ပေါ်စ အကောင်အထည်မပေါ်သေး၊ သက်သေမဖြစ်သေးတဲ့ အပြောင်းအလဲတွေအပေါ် အထိန်းအကွပ်မဲ့တဲ့ စီးပွားရေးအကျိုးအမြတ်တွေနဲ့ ဆုမပေးသင့်သေးပါဘူး” ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့၏ အာရှနိုင်ငံရေးရာ ဆော်ဩလှုံ့ဆော်မှုလုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူး ဂျွန်ဆစ်ဖ်တန်က ပြောသည်။ “ရင်းနှီးမြှုပ်နှံမှုအသစ်တွေဟာ မြန်မာပြည်သူတွေအတွက် အကျိုးရှိစေတယ်၊ နောက်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ ခြစားမှုတွေကို အားပေးရာ မရောက်ဘူး၊ အရပ်သားအာဏာပိုင်တွေအပေါ်မှာ စစ်တပ်ရဲ့ ထိန်းချုပ်မှုကို ပိုအားကြီးအောင်လုပ်ပေးသလိုမျိုးနဲ့ပဲ အဆုံးသတ်မသွားဘူးဆိုတာ သေချာဖို့အတွက် ခိုင်မာတဲ့ ဥပဒေသတွေ လိုအပ် ပါတယ်။”

မကြာသေးခင်က သမ္မတ ဘာရက်ခ်အိုဘားမားနှင့် သူ၏ အကြံပေးပုဂ္ဂိုလ်များထံသို့ ပူးတွဲပေးပို့ခဲ့သော စာနှစ်စောင်တွင် လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့နှင့် အခြားအဖွဲ့အစည်းများက စီမံခန့်ခွဲသူများအနေဖြင့် အဓိကကျသည့် ပြန်လည်ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် တိုးတက်မှုမဖြစ်ပေါ်သေးမီ၊ စီးပွားရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားမည်ကို စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြသခဲ့သည်။ လက်ရှိ အမေရိကန်စီးပွားရေး ဝန်ကြီး ဌာန၏ “အထူးရည်ညွှန်းနိုင်ငံသားများ” (အမေရိကန်ကုမ`ဏီများအနေဖြင့် စီးပွားရေးကူးသန်းမှုမပြုလုပ်ရန် တားမြစ်ထားသော မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်တာဝန်ရှိသည့် လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများ) စာရင်းမှာ အနည်းဆုံး သုံးနှစ်ခန့်ကာလအတွင်း အသစ်ပြန်လည်စိစစ်ပြုပြင်မှု ပြုလုပ်ရသေးခြင်း မရှိဘဲ၊ အသစ်ဖြစ်ပေါ်တိုးတက်မှုများပေါ် မူတည်၍ ပြင်ဆင်ရန်လိုအပ်နေသေးသည်။

“အမေရိကန်အစိုးရအနေနဲ့ စီးပွားရေးဝန်ကြီးဌာနရဲ့ စာရင်းကို အရင် အသစ်ပြင်ဆင်ဖြည့်စွက် မပြုပြင်ရသေးဘဲနဲ့ ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်တွေကို မဖယ်ရှားပေးသင့်သေးပါဘူး” ဟု ဆစ်ဖ်တန်က ပြောသည်။ “အဲလိုမဟုတ်ဘူးဆိုရင် အမေရိကန် ကုမ`ဏီတွေအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်သူတွေနဲ့ စီးပွားရေး သွားလုပ်မိသလိုဖြစ်သွားမယ်။”

ဧပြီလအစောပိုင်းက ပိတ်ဆို့အရေးယူမှုများကို “ရွေးချယ်သတ်မှတ်၍ ဖြေလျှော့ပေးမှု” အစီအစဉ်ကို ကြေညာခဲ့စဉ်က ဝန်ကြီးကလင်တန်က “ပိတ်ဆို့အရေးယူမှုများနှင့် တားမြစ်ကန့်သတ်ချက်များကို (မြန်မာနိုင်ငံ၏) သမိုင်းဝင် ပြုပြင်

ပြောင်းလဲရန် ကြိုးပမ်းမှုတွင် လွှဲမှားသောဘက်ခြမ်း၌ ရပ်တည်နေသောသူ တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့အစည်းများ ပေါ်တွင် ဆက်လက်ထားရှိသွားမည်” ဟု ကတိပြုပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအခြေချလုပ်ဆောင်ခြင်းသည် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် စိုးရိမ်ရမှု အမျိုးမျိုးကို ဖြစ်ပေါ်နေစေသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ကဆိုသည်။ ထိုအထဲတွင် တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကင်းမဲ့ခြင်း၊ စီးပွားရေးတွင် စစ်တပ်၏ လက်ဝါးကြီးအုပ်ခြင်းများနှင့် အဓမ္မ လုပ်အားစေခိုင်းမှုများ၊ စီးပွားရေးလုပ်ဆောင်မှုများအတွက် လုံခြုံမှုဆောင်ရွက်ပေးရာ၌ ကျင့်ဝတ်ချိုးဖောက် လုပ်ဆောင်မှု များ၊ ညံ့ဖျင်းသော အလုပ်သမားနှင့် သဘာဝတ်ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ နှင့် ထိုဥပဒေများကို လိုက်နာ ဆောင်ရွက်ရန် လုပ်ဆောင်မှုအားနည်းခြင်း၊ များပြားသောခြစားမှုများနှင့် ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်မှုများ ပါဝင် သည်။ မြန်မာအစိုးရသည် စစ်တပ်၏ဩဇာအောက်တွင် ရှိနေပြီး၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် စစ်တပ်သည် အရပ်သားအစိုးရအပေါ် တရားဝင်အားသာမှု ရရှိထားသည်။

လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ အနေနဲ့ အမေရိကန်ကုမ`ဏီများ၏ စီးပွားရေးလုပ်ဆောင်မှုအသစ်များကို ခွင့်မပြုသေးမီ အမေရိကန်အစိုးရအနေဖြင့် ဥပဒေစာချုပ်စာတမ်းဖြင့်၊ စည်းနှောင်ထားသည့် ရှိသင့်သော ဥပဒေများကို ဦးစွာ ချမှတ် ဖော်ဆောင်ရန် တောင်းဆိုခဲ့သည်။ သင့်လျော်သော စိတ်ချရသည့် အာမခံချက်များ ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံ အတွင်း နှင့် ပြင်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်သည့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သင့် သည်။

ဧပြီလတွင် ဥရောပသမဂ္ဂ က အရေးယူပိတ်ဆို့မှုများကို တစ်နှစ် “ဆိုင်းငံ့ကြောင်း” ကြေညာခဲ့သည်။ အရေးယူပိတ်ဆို့မှု များကို ပြန်လည်ချမှတ်ရန်မှာ ဥရောပသမဂ~အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက် လိုအပ်မည်ဖြစ်ပြီး စီးပွားရေးအခွင့် အလမ်းသစ်များကြောင့် ထိုသို့ဖြစ်နိုင်ခြေနည်းပါးကာ ထိုဆိုင်းငံ့မှုမှာ မပြောင်းလဲဘဲ အတည်ဖြစ်သွားဖွယ်ရှိသည်။ ဩစတေးလျ၊ ကနေဒါနှင့် ဆွစ်ဇာလန်အပါအဝင် အခြားသောအစိုးရများသည်လည်း ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှား သွားမည်ဟု မကြာသေးမီ ရက်သတ္တပတ်များအတွင်းကပင် ကြေညာခဲ့ကြသည်။ အချို့သော အစိုးရများက စီးပွားရေး လုပ်ငန်းများကို လုပ်ဆောင်ကိုင်တွယ်ရာတွင် တာဝန်ယူမှုရှိရန် တောင်းဆိုခဲ့ကြသော်လည်း စည်းနှောင်အားရှိသည့် စံနှုန်း များ တရားဝင်တောင်းဆိုမှုမျိုး မည်သူကမှ မပြုလုပ်ခဲ့ချေ။

“တခြားနိုင်ငံတွေက လုပ်နေလို့ ဆိုတာလောက်နဲ့ အရေးယူပိတ်ဆို့မှုတွေကို သက်သာစေမယ်ဆိုရင် ဒါဟာ ကောင်းမွန် မှန်ကန်တဲ့ပေါ်လစီမဟုတ်ပါဘူး”ဟု ဆစ်ဖ်တန်က ဆိုသည်။ “အမေရိကန်ဟာ မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲဖို့ ဖိအား ပေးရာမှာ နိုင်ငံတကာအသိုင်းအဝိုင်းကို ဦးဆောင်ခဲ့ပြီး၊ ဒါကို ဆက်လက်လုပ်ဆောင် သွားဖို့သင့်ပါတယ်။”

**အမေရိကန်အစိုးရသို့ တိကျသည့် အကြံပြုတိုက်တွန်းချက်များ**

အမေရိကန်အနေဖြင့် ပိတ်ဆို့အရေးယူမှုများကို ဖြေလျှော့မည့် မည်သည့်ဆုံးဖြတ်ချက်မျိုးတွင်မဆို ထည့်သွင်းသင့်သည့် မြန်မာနိုင်ငံ စီးပွားရေးစံနှုန်းများအတွက် အဓိကသော့ချက်များကို လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ မှ သုံးသပ်ဖော်ပြပေး လိုက်သည်။

- မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုတွင် ခိုင်မာသောဖြစ်ပေါ်တိုးတက်လာမှုနှင့်အညီ၊ မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုအပေါ်အခြေခံ၍ သတိပြုနိုင်း ချင့်သည့်ချဉ်းကပ်ပုံမျိုးဖြင့်၊ ပိတ်ဆို့အရေးယူမှုများကို တစ်ဆင့်ချင်း ရွေးချယ်ကာ ဖြေလျှော့ခြင်း။

- ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားစီးပွားရေးလုပ်ဆောင်မှုများကိုစိစစ်ခြင်း။ အမေရိကန်ကုမ္ပဏီများကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် သို့မဟုတ် မြန်မာနှင့် စီးပွားရေးလုပ်ကိုင်ရန်ခွင့်မပြုမီတွင် အမေရိကန် အစိုးရအနေဖြင့် တင်ပြလာသည့် အမေရိကန် စီးပွားရေးလုပ်ဆောင်မှုများကို လူ့အခွင့်အရေးများနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်များအပေါ် သက်ရောက်နိုင်ဖွယ်အလားအလာကို၊ ထည့်သွင်း တွက်ချက်ကာ သုံးသပ်ခွင့်ပြုသည့် တင်ကြို စိစစ်ခြင်းကိုပြုလုပ်သင့်သည်။ ကုမ္ပဏီများအနေဖြင့် နိုင်ငံခြား သို့မဟုတ် မြန်မာကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုမှုအရ ပြုလုပ်ရမည့် လုပ်ဆောင်မှုများကိုလည်း အထူးစီစစ်သုံးသပ်သင့်သည်။ အန္တရာယ်ဖြစ်စေ နိုင်သော ထိခိုက်မှု အလားအလာကြီးမားသည့် လုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ရန် ခွင့်မပြုသင့် ပေ။

- မြန်မာစစ်တပ်နှင့် စစ်တပ်အနွယ်ဝင်များ၊ စစ်တပ်၏ လျှို့ဝှက်အဆက်အနွယ်များ၊ နိုင်ငံပိုင်လုပ်ငန်းများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆက်စပ်နေသည့်သူများ သို့မဟုတ် ပုဂ္ဂိုလ်များ နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စီးပွားရေးလုပ်ငန်းများ မလုပ်ဆောင်ရန် ဥပဒေနှင့် တားမြစ်ခြင်း။

- ပုဂ္ဂလိကပိုင်ထံမှ ဖြစ်စေ၊ အများပိုင်မှဖြစ်စေ၊ ကြီးမားသော အလွဲသုံးစားမှု သို့မဟုတ် မြေ သိမ်းမြန်းခြင်း သို့မဟုတ် ငှားရမ်းခြင်းများနှင့် ပတ်သက်သော လုပ်ဆောင်မှုမျိုးတွင် ပါဝင်ပတ်သက်မှုမရှိရန် တားမြစ်ခြင်း။

- အခွင့်အရေးချိုးဖောက်မှုများကို တားဆီးကာကွယ်ရန်နှင့် အကယ်၍ဖြစ်ပေါ်လာခဲ့ပါက ပြန်လည်တည့်မတ်ပေးရန်အတွက် ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးကို လေးစားရန်နှင့် လျော်ညီ သတိရှိတည်တံ့သော လုပ်ငန်းစဉ်များအားဖြင့် လုပ်ဆောင်ရန် တိကျရှင်းလင်းမှု လိုအပ်ချက်။ ထိုလိုအပ်ချက်များသည် သက်ဆိုင်သည့် လက်ခံထားပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်။ ဥပမာ၊ ၂၀၁၁ ခုနှစ်တွင် OECD က Multinational Enterprises (နိုင်ငံပေါင်းစုံ စီးပွားရေးလုပ်ငန်းအင်အားစုကြီးများ) အတွက် လမ်းညွှန်ချက်များ ချမှတ်ထားခဲ့သည်။ ၎င်းကို မြန်မာနိုင်ငံအတွက် အကျုံးဝင်စေရမည်။ အထူးသဖြင့် လိုအပ်သည့် လုပ်ငန်းစဉ်များသည် ဆီလျော်အပ်စပ်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများနှင့်အတူ လူ့အခွင့်အရေး အကောင်အထည်ဖော်မှုများ သို့မဟုတ် ပိုမိုကောင်းမွန်လာရန် ဆောင်ရွက်မှုများကို ဖြေရှင်းကူညီရန်အတွက် လွတ်လပ်ပြီး ပွင့်လင်းမြင်သာသော လူ့အခွင့်အရေးဆိုင်ရာ အကျိုးဆက်အပေါ် သုံးသပ်ချက်များကို ထည့်သွင်း သင့်သည်။

- ဒဏ်ကြေးတပ်ခြင်းနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခွင့် ပြန်လည်ရုပ်သိမ်းခြင်းအပါအဝင် ပြင်းထန်သော ပြစ်ဒဏ်များဖြင့် လိုက်နာခြင်းမရှိသူများ ပြစ်ဒဏ်ပေးပြီး၊ အကယ်စင်စစ်လိုက်နာမှုရှိကြောင်း သေချာစေရန်၊ လိုက်နာကျင့်သုံးရန်လိုအပ်သည့် တားမြစ်ချက်အားလုံးကို ထိရောက်စေရန် ကြပ်မတ်ခြင်း။

- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု သုံးသပ်ချက် ပုံနှိပ်ထုတ်ဝေမှု၊ ပွင့်လင်းမြင်သာသည့် စာချုပ် အပြည့်အစုံ၊ မြန်မာအစိုးရသို့ ပေးရသည့် ငွေပေးချေမှုများအားလုံး၏ အချိန်အတိအကျနှင့် အသေးစိပ် ထုတ်ဖော် တင်ပြချက်များအပါအဝင်၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် ခွင့်ပြုချက်ရသည့် ကုမ္ပဏီများအားလုံး အနေဖြင့် ဥပေဒအရ မဖြစ်မနေလုပ်ဆောင်ရမည့် အများပြည်သူထံ အစီရင်ခံ တင်ပြရန် လိုအပ်ချက်။

- မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် စီးပွားရေးလုပ်ဆောင်သော အမေရိကန်ကုမ္ပဏီများကြောင့် အန္တရာယ် ဖြစ်စေသော လုပ်ဆောင်မှုများကို တိုင်တန်းသည့် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်

လူ့အဖွဲ့အစည်းများ၊ ,င်းတို့ကို ကိုယ်စားပြုသူများ လက်လှမ်းမီစေမည့် ထိရောက်သော တိုင်တန်း စောဒက တက်နိုင်သည့် ယန္တရား(စုံစမ်းစစ်ဆေးမှုရလဒ်များ၊ ဆုံးဖြတ်ချက်များဖြင့် ကုမ`ဏီများကို တင်းကျပ်ရန်) ထားရှိခြင်း။

- ကုမ`ဏီများအနေဖြင့် လက်အောက်ခံကုမ`ဏီခွဲများ သို့မဟုတ် လုပ်ငန်းအစိတ်အပိုင်းများကို ခွဲဝေဆောင်ရွက် ပေးသူများပါဝင်သော လုပ်ဆောင်မှုများ သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အတွက် ကုမ`ဏီမှ စာချုပ် အလုပ်လက်ခံလုပ်ဆောင်ပေးသော လုပ်ဆောင်မှုများအပါအဝင် မြန်မာနိုင်ငံတွင် အဆိုပါ ကုမ`ဏီတို့၏ လုပ်ဆောင်မှုအားလုံးကို အမေရိကန်တရားရုံးများ၏ တရားစီရင်မှုအာဏာအောက်တွင် တည်ရှိစေမည် ဖြစ်ကြောင်း အတည်ပြုရန် လိုအပ်ချက်။ ထို့အပြင် အမေရိကန်အစိုးရအနေဖြင့် မတရားပြုခံရသူများအား အကူအညီ ပေးအပ်ရန် နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မျှတမှုရှိမရှိ စောင့်ကြည့်ရန်အတွက် တရားစီရင် ရေးလမ်းကြောင်းများ ရှိကြောင်း သေချာစေရန် လိုအပ်သောလုပ်ဆောင်မှုအားလုံးကို လုပ်ဆောင်သင့်သည်။

- လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့အနေဖြင့် အောက်ပါအချက်များအပါအဝင် မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာ၌ လူ့အခွင့်အရေးနှင့်သက်ဆိုင်၍ ဆိုးကျိုးဖြစ်စေနိုင်သော အစိတ်အပိုင်းများကို ကောက်နုတ်ဖော်ပြ ပေးလိုက်သည်။

- စစ်တပ်နှင့် ,င်း၏ အနီးကပ်ဆုံးစီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၏ လက်ဝါးကြီးအုပ်ထားသောအခန်းကဏ္ဍ၊ ,င်းတို့သည် စီးပွားရေးလောက၏ ကဏ္ဍများစွာကို ချုပ်ကိုင်စိုးမိုးထားသောကြောင့် သာမန် မြန်မာပြည်သူများ နှင့် နိုင်းယှဉ်ပါက အကျိုးကျေးဇူးများခံစားနိုင်ရန် ပိုမိုအလားအလာရှိသည်။

- ဆိုးရွားသည့် လူ့အခွင့်အရေးမှတ်တမ်းနှင့် မြန်မာနိုင်ငံ၏ လုံခြုံရေးအင်အားစုများအပေါ် တာဝန်ခံမှု ကင်းမဲ့ခြင်း။ ကချင်ပြည်နယ်တွင် ဆိုးဝါးပြင်းထန်သော အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေဆဲဖြစ်ပြီး နိုင်ငံ၏ အခြားဒေသများတွင်လည်း ဖိနှိပ်မှုများဆက်ရှိနေဆဲဖြစ်သည်။ စစ်တပ်သည် စီးပွားရေးစီမံကိန်းများ အတွက် နယ်မြေများကိုရှင်းလင်းခြင်းနှင့် ကာကွယ်မှုပေးမှုပေးရာ၌ အဓမ္မလုပ်အားစေခိုင်းမှု နှင့် တရားမဝင် မြေသိမ်းယူခြင်းများ၊ အဓမ္မ နေရာပြောင်းရွှေ့စေခြင်းများနှင့် အခြား ပြင်းထန်သော ကျင့်ဝတ်ချိုးဖောက်မှုများ ၊ ရွာသားများအပေါ် တရားဥပဒေနှင့်မညီ အင်အားသုံး ညှဉ်းဆဲခြင်းများ ပြုလုပ်ခဲ့သော သမိုင်းမှတ်တမ်းရှိ သည်။

- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဲ့သို့သော အရေးကြီးသည့် ကိစ္စများအပေါ်တွင် ပြည်တွင်း စည်းမျဉ်း များနှင့် ဥပဒေကို လိုက်နာဆောက်ရွက်ရန် စွမ်းဆောင်နိုင်မှု အားနည်းခြင်း။ ထိုအချက်ကြောင့် လူ့အခွင့်အရေးအတွက် အန္တရာယ်ဖြစ်စေသော ရလဒ်များဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းများ ထွက်ပေါ် လာစေသည်။

- အချိန်ကာလ ရှည်ကြာစွာဖြစ်နေခဲ့သော အလုပ်သမားအခွင့်အရေးပြဿနာများ။ မကြာသေးခင်က ပြုလုပ် ခဲ့သော ပြန်လည်ပြုပြင်တည်ဆောက်ရန် ဥပဒေပြုခြင်းများကြားထဲတွင်ပင် လူမျိုးစုများနှင့် ပဋိပက္ခများ ရှိသော နယ်မြေများတွင် အဓမ္မလုပ်အားစေခိုင်းမှုများ၊ စက်ရုံများတွင် အလုပ်သမားများကို နာရီများစွာ ပင်ပန်း ဆင်းရဲစွာ အလုပ်လုပ်စေခြင်းများ (အချိန်ပိုနာရီများစွာ၊ နိမ့်ပါးသောလစာများနှင့်၊ သူတို့၏ ကျန်းမာရေးနှင့်

ဘေးကင်းလုံခြုံမှုအပေါ် အခွင့်အရေးချိုးဖောက်မှုများ) အပါအဝင် ဆိုးရွားသော အလုပ်သမားအခွင့်အရေး ပြဿနာများသည် မြန်မာနိုင်ငံတွင် အချိန်ကာလ ရှည်ကြာစွာရှိနေခဲ့သည်။

- မြေများ ရယူပိုင်ဆိုင်ခြင်းနှင့် အသုံးပြုခြင်းများနှင့်ပတ်သက်၍ ကြီးမားသောတင်းမာမှုများရှိနေခြင်း။ အဆိုပါ အချက်သည် အဓမ္မ နှင်ထုတ်ခံရခြင်းများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်ပေါ်စေသည်။ ထိုကဲ့သို့ ပြဿနာများသည် သယံဇာတထုတ်ယူသည့် လုပ်ငန်းများ(ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်း များ)၊ နိုင်ငံတစ်ခုအတွက် အခြေခံလိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး စီမံကိန်းများ (ဥပမာ – ရေအားလျှပ်စစ် ရေကာတာများ)၊ ကျွန်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကြီးမားသော ခရီးသွားစီမံကိန်း များနှင့် ဆက်စပ်၍ ဖြစ်ပေါ် နိုင်ခြေပိုမိုများပြားသည်။

- အစိုးရခွင့်ပြုပြီး စီမံကိန်းများတွင် လူထုအား ညှိနှိုင်းတိုင်ပင်မှု၊ သဘောတူညီချက်ရယူမှုနှင့် လူထုအား အကျိုး ရှိစေခြင်း ကင်းမဲ့ခြင်း။ မြန်မာနိုင်ငံမှ ဒေသခံလူထုများသည် ရေမြေနှင့် သဘာဝ သယံဇာတများအား စီးပွား ရေးအတွက် အသုံးပြုရာတွင် ပြောရေးဆိုခွင့် မရှိသလောက်နည်းပါးသည်။ အဆိုပါ စီမံကိန်းများအတွက် ပေးဆပ်ရသည်များကို၊ ထိုလူထုကပင် ခါးစည်းခံစားကြရ (ဥပမာ–ရွှေ့ပြောင်းခံရခြင်းများနှင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးခြင်း) သော်လည်း သူတို့အနေနှင့် သင့်လျော်သည့် လျော်ကြေး အတွက် စိတ်ချရသည့် ထိရောက်သော နည်းလမ်းမရှိသကဲ့သို့၊ အစိုးရမှ ရရှိလာသောအကျိုးအမြတ်များကို လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးတို့အတွက် လမ်းကြောင်းပြောင်း အသုံးပြု မည်ဟု သေချာစေခြင်းလည်း မရှိချေ။ လယ်မြေဆိုင်ရာ၊ မြေလွတ်မြေရိုင်းနှင့် ပိုင်ရှင်မဲ့လယ်မြေများဆိုင်ရာ စပ်လျဉ်း၍ မကြာသေးခင်က ခွင့်ပြုခဲ့သည့် ဥပဒေများတွင်လည်း မြေ ဆိုင်ရာ ရပိုင်ခွင့် အာမခံချက် မရှိချေ။

- အစိုးရဝင်ငွေအမြတ်အစွန်းများကို စီမံခန့်ခွဲအသုံးပြုရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုမရှိခြင်း။ သဘာဝ ဓာတ်ငွေ့ ပြည်ပသို့တင်ပို့ရောင်းချရာမှ မြန်မာနိုင်ငံရရှိခဲ့သည့် များပြားသော (တရုတ်နိုင်ငံသို့ ရေနံနှင့် ဓာတ်ငွေ့အမါြပိုက်လိုင်းများ သွယ်တန်းပြီးစီးသွားပါက ပိုမိုများပြားလာဖွယ်ရှိနေသည့်) ဝင်ငွေများသည် နိုင်ငံ ဘတ်ဂျက်ကို ကျော်လွှားပြီး၊ စစ်တပ်အတွက် မတန်တဆအသုံးပြုမှုကို အရှိန်မြှင့်စေခဲ့သည်။ အဆိုပါ ဝင်ငွေ များကို ဘတ်ဂျက်တွင်ထည့်သွင်းရန်နှင့် ငွေသုံးစွဲမှုအတွက် ဦးစားပေးက¾udk ပြန်လည်တည့်မတ်ရန် မကြာသေးခင်က လုပ်ဆောင်ခဲ့မှုများသည် မလုံလောက်ခဲ့ပေ။ လူမှုရေးအသုံးစရိတ်များတွင် အနည်းငယ် မြင့်တက်လာခဲ့သော်လည်း ကျန်းမာရေးနှင့် ပညာရေးက¾onf ဘတ်ဂျက်၏ နည်းပါးသောဝေစုကိုသာ ဆက်လက်ရရှိနေဆဲဖြစ်ပြီး၊ စစ်တပ်အတွက် အသုံးစရိတ်မှာမူ ရာခိုင်နှုန်းအားဖြင့် ကျဆင်းသွားခဲ့သော်လည်း အသုံးစရိတ်အားလုံးနှင့် နှိုင်းယှဉ်လျှင် မြင့်မားနေဆဲဖြစ်သည်။

- အထိန်းအကွပ်မဲ့စွာ ပြန့်နှံ့နေသောခြစားမှု။ ၂၀၁၁ ပွင့်လင်းမြင်သာသည့် နိုင်ငံတကာခြစားမှု စံညွှန်း (Transparency International Corruption Perception Index) တွင် ဤနိုင်ငံသည် အာဖဂန်နစ္စတန်နှင့်အတူ ဒုတိယအဆိုးဆုံးအဖြစ်၊ ပူးတွဲရပ်တည်လျက်ရှိသည်။ ,င်း၏ အောက်တွင် မြောက်ကိုရီးယားနှင့် ဆိုမားလီယာ တို့သာ အဆိုးဆုံးအဖြစ် ဆက်ရှိနေတော့သည်။